# ပုံနှိပ်ပြုလုပ်ခြင်း



### အသုံးပြုမည့်ပစ္စည်းကိရိယာ

- ပိုစတာရောင်စုံ
- ရေခွက်
- စုပ်သံ
- ရောင်စုံထည့်ပန်းကန်
- အေ ၄ စက္ကူအရွယ်ပလပ်စတစ်ကဒ်ပြား
- စက္ကူအေ ၄ (သို့) ၈၀ ပေါင်ကတ်ထူစက္ကူ

### ပြုလုပ်နည်း

**မှတ်ချက်**
**ပုံဆွဲသည့်အချိန်ကို ကြာရှည်စွာမဆွဲသင့် အရောင်ခြောက်သွားမည်။**



ပလပ်စတစ်ကဒ်ပြားပေါ်တွင် ကိုယ်ကြိုက်နှစ်သက်သောပိုစတာအရောင်များကို အစက်ချပြီး



လက်ချောင်းဖြင့် ကိုယ်ဆွဲမည့်ပုံကိုဖော်ပါ။



ပုံနှိပ်ပြုလုပ်ရာတွင် စက္ကူအေ ၄ အလွတ်ကို ကိုယ်ပြုလုပ်ထားသည့် ပုံပေါ်တွင်တင်ပါ



လက်ကိုဖွဖွလေးတာပွတ်လိုက်ခြင်းဖြင့် အရောင်များစက္ကူပေါ်ဆွဲကပ်ထင်လာပါမည်



# စတူဒီယိုဇန်လှုပ်ရှားမှုများ





ပါဝါကစ် ဟုအမည်ပေးထားသော လက်မှုဆိုင်ရာပညာရပ်ကို လွန်ခဲ့သော အေပယ်လတွင်အသက် ၁၂မှ၁၆ နှစ်အထိကလေးစုစုပေါင်း ၁၅ယောက်ခေါ်ယူပြီးချင်းမိုင်တွင် သင်တန်းများပို့ချပေးခဲ့သည်။ ပိတ်စပေါ်ပုံနှိပ်ပြုလုပ်ခြင်း၊ လက်ဝတ်လက်စားများပြုလုပ်ခြင်းစက်ချုပ်နည်းနှင့် အိတ်ချုပ်နည်းများကို သင်ကြားပေးပြီး လာမည်အောက်တိုဘာလတွင် ကလေးများကို ပြန်လည်ခေါ်ယူသင်ကြားခြင်းကို စသင်သွားမည်ဖြစ်သည်။



ချင်းမိုင်စတူဒီယိုဇန်းသည် နွေရာသီစခန်းကိုလွန်ခဲ့သောမတ်လ၁၉ ရက်မှ ၂၁ရက်နေ့တွင် ပထမဆုံးအကြိမ်ပြုလုပ်ကျင်းပခဲ့သည်။ ပြုလုပ်ခြင်း၏ရည်ရွယ်ချက်မှာ ကလေးများတယောက်နှင့်တ ယောက်ခင်မင်ရင်းနှီးမှုရှိအောင်၊ လူမှုဆက်ဆံရေးကောင်းမွန်အောင်၊ ကျန်းမာရေးပညာပေးများ ကိုသိရှိစေခြင်းဖြစ်သည်။ လာရောက်ပူးပေါင်းသောကလေးများမှာ သုံးရက်လုံး အလွန်–စိတ်ဝင်တ စားဖြစ်ပြီး ဤသို့ပြုလုပ်ပေးသောဆရာ ဆရာမများအား ကျေးဇူးတင်ကြောင်းနှင့် နောက်ထပ်ရှိစေခြင် ကြောင်းပြောပြသွားသည်။



ချင်းမိုင်းစတူဒီယိုဇန်း ပန်းချီပြပွဲပဋ္ဌမမြောက်အခန်းအနားကိုယဉ်ကျေးမပြတိုက်တွင် လွန်ခဲ့သော မေလ ၈ ရက်နေ့၌ ဖွင့်လှစ်ကျင်းပခဲ့ပြီး ထိုအခန်းအနားသို့ စတူဒီယိုဇန်းကလေးများနှင့်မိဘများကိုဖိတ်ကြားကာမိဘများသည်အလွန်စိတ်ဝင်စားကြသည်။အခြားအဖွဲ့အစည်း များမှ ပန်းချီပြပွဲကိုစိတ်ဝင်တစားလာရောက်ကြည့်ရှုသူအများအပြားတွေ့ရှိရသည်။

# လှုပ်ရှားမှုများ



မဲဆောက်မြို့ရှိစတူဒီယိုဇန်းတွင် တက်ရောက်နေသော မယ်ပရွာမှကလေးများ၏ မိဘများနှင့်တွေ့ဆုံဆွေးနွေးပွဲကို မေလ ၁၄ ရက်နေ့ နံနက်တွင်ပြုလုပ်ကျင်းပခဲ့သည်။ ထိုဆွေးနွေးပွဲတွင် မယ်ပရွာနှင့်ပတ်ဝန်းကျင်တွင်နေထိုင်သော ကလေးများ၏အုပ်ထိန်းသူ ၂၁ ယောက်တက်ရောက်ခဲ့ပြီး စတူဒီယိုဇန်း၏စဉ်းစားမျှော်မြင်ချက်၊ ရည်မှန်းချက်များနှင့်မိဘများ၏ သင်တန်းအပေါ်အမြင်များ၊ ထပ်မံဖြည့်စွက်သင်ကြားပေးစေလိုသောအချက်များကိုဆွေးနွေးခဲ့ကြကာ လှုပ်ရှားမှုများကို အားလုံးပျော်ပျော် ပါးပါးပြုလုပ်ခဲ့ကြသည်။



ချင်းမိုင်မြို့ရှိမိဘတွေ့ဆုံဆွေးနွေးပွဲကို လွန်ခဲ့သော မေလ ၂၉ ရက် ၂၀၁၀ တွင် CBC ရုံးတွင်ပြုလုပ်ကျင်းပခဲ့သည်။ ထိုသို့ပြုလုပ်ကျင်း ပခြင်းသည် မိဘများတယောက်နှင့်တယောက်ခင်မင်ရင်းနှီးမရှိစေခြင်း၊ အနုပညာ နည်းနာအမျိုးမျိုးကိုနားလည်သဘောပေါက်စေပြီး ၄င်းတို့၏ကလေးများအတွက် ထပ်မံဖြည့်စွက်သင် ကြားပေးစေလိုသောအချက်များကို ပြောပြဆွေးနွေးခဲ့ကြသည်။



မဲဆောက်ရှိစတူဒီယိုဇန်းသင်တန်းမှ ကလေးများ၏ လေ့လာရေးခရီးအဖြစ် မေလ ၁၇ ရက်နေ့နှင့် ၁၈ ရက်နေ့ များတွင် သက်ဆိုင်ရာအတန်းအလိုက် ထိုင်းမြန်မာချစ်ကြည်ရေးတံတားနှင့် သောင်ရင်းမြစ်ကမ်းဘေးရှိ ရင်း(မ်)မွေးဈေး၌ အနုပညာလက်ရာများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။




မဲဆောက်မြို့ရှိအနုပညာသင်တန်းမှ ကလေးများ၏ ပန်းချီပြပွဲကို၂၀၁၀ ခုနှစ်မတ်လ၂၈ရက်နေ့တွင်– HRDP ခန်းမ၌ပြုလုပ်ကျင်းပခဲ့ရာ မတူညီကွဲပြားသော နည်းများဖြင့်ပြုလုပ်ထားပြီး အနုပညာလက်ရာ ၁၆၀ ကျော်ခန့် ကိုပြသခဲ့ပြီး ပန်းချီပြပွဲကို မတ်လ၂၈ရက်နေ့မှဧပြီလ ၃ ရက်နေ့ထိ ၇ ရက်ကြာပြုလုပ်ကျင်းပခဲ့ပါသည်။

# ကလေးများထံမှစာစောင်










Studio Xang (Art for Migrant Children Project)

P.O. Box 161, Prah Signh Post office,
50200 Chiang Mai,
Thailand.

Email: studioxangamcp@gmail.com

Phone number: +66 (0)53-212-564



Funder by USAID FROM THE AMERICAN PEOPLE































หัวข้อเรื่องบ้านของฉัน
ฉันมีพ่อแม่ที่คอยเฝ้าบ้านแต่ฉันกลับ
บ้านช้าเพราะต้องฝึกฟ้อน
แต่ที่จริงฉันอยากไปบ้านเร็วเพราะ
อยากช่วยพ่อแม่ตักน้ำเพราะจะไม่
ได้ให้พ่อแม่ไม่เหนื่อยแต่พ่อแม่
บอกว่าไม่ต้องแม่หรอกแต่น้อย
ก็อยากช่วยและบอกแม่ว่า I LoVe mom
แปลว่าฉันรักแม่ค่ะ จาก. น้อย








Studio Xang (Art for Migrant Children Project)

P.O. Box 161, Prah Signh Post office,
50200 Chiang Mai,
Thailand.

Email: studioxangamcp@gmail.com

Phone number: +66 (0)53-212-564



Funder by USAID

